# အာရှဒေသရှိ နိုင်ငံများတွင် အစိုးရများ၊ ပြည်တွင်းရှိ အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့ မိတ်ဖက် ဆောင်ရွက်မှုဖြင့် အရေးပေါ် တုံ့ပြန် ဆောင်ရွက်ရေးအတွက် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ စွမ်းဆောင်ရည်များ အားကောင်းလာစေရန် ဆောင်ရွက်ခြင်း

ဩဂုတ် ၂၀၁၆ - ဇူလိုင် ၂၀၁၉

## လုပ်ငန်းအစီအစဉ်

တောင်အာရှနှင့် အရှေ့တောင်အာရှတွင် ဘေးအန္တရာယ်များကို တုံ့ပြန်ဆောင်ရွက်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ပိုမိုကောင်းမွန်စွာ ကြိုတင်ပြင်ဆင်ခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ လူသားချင်းစာနာမှု လုပ်ငန်းစနစ်ကို အားကောင်းလာစေရန် ရည်ရွယ်၍ "အာရှဒေသရှိ နိုင်ငံများတွင် အစိုးရများ၊ ပြည်တွင်းရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းမိတ်ဖက်ဆောင်ရွက်မှုဖြင့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေးအတွက် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ စွမ်းဆောင်ရည်များ အားကောင်းလာစေရန် ဆောင်ရွက်ခြင်း" လုပ်ငန်းအစီအစဉ်ကို အာရှဒေသ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးဌာန Asian Disaster Preparedness Center က Bill and Melinda Gates Foundation ၏ ပံ့ပိုးမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

## ရည်ရွယ်ချက်

› ပြည်တွင်းအဖွဲ့အစည်းများ စနစ်တကျနှင့် အားကောင်းလာစေခြင်းဖြင့် လူသားချင်းစာနာမှုဆိုင်ရာ ခေါင်းဆောင်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လာစေရန်

› လူသားချင်းစာနာမှုဆိုင်ရာ သတင်းအချက်အလက်စီမံခန့်ခွဲမှုနှင့် ဗဟုသုတဖလှယ်မှုတို့ကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် လူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းများအတွက် ညှိနှိုင်းဆောင်ရွက်မှု ပိုမိုရရှိစေရန်

› နိုင်ငံအဆင့်နှင့် ဒေသအဆင့် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေကြသူများအကြား ပိုမိုအကျိုးရှိစွာ ဆောင်ရွက်နိုင်မည့် မိတ်ဖက်အဖွဲ့များ ထူထောင်ရန်

Implemented by

adpc

Supported by

BILL & MELINDA GATES foundation




## Focus Area




## အာရှဒေသ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး မိတ်ဖက်အဖွဲ့
## Asian Preparedness Partnership (APP)

အထက်ဖော်ပြပါ လုပ်ငန်းအစီအစဉ်အောက်တွင် သက်ဆိုင်ပတ်သက်သူအမျိုးမျိုး ပါဝင်သော ဒေသတွင်း မိတ်ဖက်အဖွဲ့တစ်ခုအနေဖြင့် ထူထောင်ထားသည့် အာရှဒေသ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး မိတ်ဖက်အဖွဲ့ Asian Preparedness Partnership (APP) သည် မိတ်ဖက်ဆောင်ရွက်မှုများ၊ အသိပညာ အရင်းအမြစ်များ၊ သင်တန်းများနှင့် အခြားချိတ်ဆက်ဆောင်ရွက်မှု အခွင့်အလမ်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်သန်၍ အဖွဲ့အစည်းအချင်းချင်း ညှိနှိုင်းဆောင်ရွက်မှုအဖြစ် အစိုးရ၊ ပြည်တွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား ဆွေးနွေးဆောင်ရွက်မှုများကို ပိုမိုကောင်းမွန်စေရန် ကြိုးပမ်းလျက်ရှိပါသည်။

အာရှဒေသ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး မိတ်ဖက်အဖွဲ့ Asian Preparedness Partnership (APP) သည် အာရှဒေသ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးဌာန Asian Disaster Preparedness Center နှင့် USAID တို့ အကောင်အထည်ဖော်ခဲ့သော ရှေ့ပြေးစီမံချက်တစ်ခုဖြစ်သည့် Cambodia Humanitarian Forum (CHF) ကို တိုးချဲ့အကောင်အထည်ဖော်ခြင်းဖြစ်ပါသည်။ စွမ်းဆောင်ရည် တည်ဆောက်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် Cambodia Humanitarian Forum (CHF) သည် ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်းကွန်ရက် အားကောင်းလာစေရန် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် လုပ်ငန်းအစီအစဉ်တွင် ပါဝင်သော နိုင်ငံများအချင်းချင်း ဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများနှင့်ပတ်သက်သည့် အလေ့အကျင့်ကောင်းများကို မျှဝေနိုင်ရန်အတွက် အာရှဒေသ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး မိတ်ဖက်အဖွဲ့ Asian Preparedness Partnership (APP) ကို APP Regional Steering Committee (APPRSC) က လမ်းညွှန်မှုပေးပါသည်။

## မြန်မာဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးမိတ်ဖက်အဖွဲ့
**Myanmar Preparedness Partnership (MPP)**

အာရှဒေသတွင်း နိုင်ငံများအတွက် မိတ်ဖက်အဖွဲ့ ထူထောင်သကဲ့သို့ မြန်မာနိုင်ငံအတွက် အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား မိတ်ဖက် ဆောင်ရွက်မှု ပိုမိုကောင်းမွန်လာစေရန်အတွက် မြန်မာဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး မိတ်ဖက်အဖွဲ့ Myanmar Preparedness Partnership (MPP) ကို ထူထောင်ထားရှိပါသည်။

## မိတ်ဖက်အဖွဲ့၏ ရည်မှန်းချက်

နိုင်ငံအဆင့်တွင် အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား မိတ်ဖက်ဆောင်ရွက်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ညှိနှိုင်းဆောင်ရွက်မှုများကို တိုးမြှင့်ရန်

## မိတ်ဖက်အဖွဲ့၏ ရည်ရွယ်ချက်

- ဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများတွင် ပါဝင်ပတ်သက်သူများအကြား ပိုမိုထိရောက်သော မိတ်ဖက်ဆောင်ရွက်မှု ထူထောင်ရန်
- ပြည်တွင်းရှိ အဖွဲ့အစည်းများကို စနစ်တကျ အားကောင်းလာစေခြင်းဖြင့် လူသားချင်းစာနာမှုဆိုင်ရာ ခေါင်းဆောင်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုများ တိုးတက်လာစေရန်
- လူသားချင်းစာနာမှုဆိုင်ရာ သတင်းအချက်အလက်စီမံခန့်ခွဲမှုနှင့် အသိပညာဗဟုသုတ ဖလှယ်မှုများ တိုးတက်လာစေရန်
- မိတ်ဖက်အဖွဲ့တွင် ပါဝင်သူများ၏ ကတိကဝတ်များ၊ မိမိတို့ လုပ်ဆောင်ရမည့် လုပ်ငန်းများကို ကိုယ်ပိုင်လုပ်ငန်းကဲ့သို့ ခံယူနားလည်သဘောထားကာ ဆောင်ရွက်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများကို မိတ်ဖက်အဖွဲ့ ရေရှည်တည်တံ့အောင် ဆက်လက်ဆောင်ရွက်ရန်

မြန်မာဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးမိတ်ဖက်အဖွဲ့ Myanmar Preparedness Partnership ကို အောက်ပါ အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားပါသည်။

- အစိုးရ (ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန)
- ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်းကွန်ရက် (ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေး ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများပူးပေါင်းအဖွဲ့ (Myanmar NGO Consortium for Preparedness and Response-MNGO CPR)
- မြန်မာပုဂ္ဂလိကကဏ္ဍ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကွန်ရက် (Myanmar Private Sector Disaster Management Network-MPD Network)

## ဆောင်ရွက်မည့်ခရိုင်များ

- ပခုက္ကူခရိုင်၊ လှိုင်ကော်ခရိုင်၊ မုံရွာခရိုင်၊ ဘားအံခရိုင်၊ ပြည်ခရိုင်၊ မကွေးခရိုင်၊ ကသာခရိုင်နှင့် ဖလမ်းခရိုင်

## ဆောင်ရွက်မည့်လုပ်ငန်းများ

- ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း (၃ရက်တာ) ပို့ချခြင်း
- ခရိုင်များတွင် ပို့ချခဲ့သော သင်တန်းများမှ ထူးချွန်သူများ (ခရိုင်တစ်ခုလျှင် ၃ ဦးစီ)အား ဟသ်ာတရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကျောင်းသို့စေလွှတ်၍ ဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်း (ရက်သတ္တ ၂ ပတ်ကြာ) ကို တက်ရောက်သင်ကြားစေခြင်း
- ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကျောင်းတွင် တက်ရောက်သူ ၂၄ ဦးထဲမှ ထူးချွန်သူ ၃ဦးကို ထပ်မံရွေးချယ်ပြီး ထိုင်းနိုင်ငံသို့ စေလွှတ်၍ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများ တက်ရောက်စေခြင်း
- မိတ်ဖက်အဖွဲ့တွင်ပါဝင်သော ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများပူးပေါင်းအဖွဲ့နှင့် မြန်မာပုဂ္ဂလိကကဏ္ဍ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကွန်ရက်တို့မှ ကိုယ်စားလှယ်နှစ်ဦးစီအား ထိုင်းနိုင်ငံသို့ စေလွှတ်၍ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများ တက်ရောက်စေခြင်း
- ပုဂ္ဂလိကကဏ္ဍ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေးဖိုရမ် ကျင်းပခြင်း
- အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုအတွက် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ ခရိုင်အဆင့် မိတ်ဖက်အလုပ်ရုံ ဆွေးနွေးပွဲကျင်းပခြင်း
- ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းမှုအစည်းအဝေး ကျင်းပခြင်း
- ရွေးချယ်ထားသောခရိုင်များတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအတွက် ဌာနဆိုင်ရာများ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့မိတ်ဖက်ဆောင်ရွက်နိုင်ရေး ToR များ ပြုစုရေးဆွဲပေးခြင်း
- ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများပူးပေါင်းအဖွဲ့နှင့် မြန်မာပုဂ္ဂလိကကဏ္ဍ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကွန်ရက်တို့မှ ကိုယ်စားလှယ်များအား ဤလုပ်ငန်းအစီအစဉ်တွင် ပါဝင်သော နိုင်ငံတစ်နိုင်ငံသို့ သွား ရောက်ပြီး အဆိုပါနိုင်ငံ၏ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုကို သိရှိနိုင်ရန် လေ့လာခရီးစဉ်များ ပို့ဆောင်ပေးခြင်း
- ဗဟုသုတမျှဝေရေးအစီစဉ်တစ်ခုအနေဖြင့် သုတေသနစာတမ်းဖတ်ပွဲကျင်းပခြင်း၊ အဖြစ်များသော အန္တရာယ်များအတွက် ပညာပေးဗွီဒီယိုများ ရိုက်ကူးဖြန့်ဝေခြင်း